


# ကိုလိုရာဒိုပြည်နယ် ပညာရေး အောင်မြင်မှု အတိုင်းအတာများ

## သင့်ကျောင်းသား၏ ပညာရေးအောင်မြင်မှုများကို ပံ့ပိုးပေးရန် CMAS ရမှတ်မှတ်တမ်းကို အသုံးပြုခြင်း

COLORADO
Department of Education

www.cde.state.co.us

အင်္ဂလိပ်ဘာသာရပ်၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေး ဘာသာရပ်များ ဆိုင်ရာ ကိုလိုရာဒိုပြည်နယ် ပညာရေး အောင်မြင်မှု အတိုင်းအတာများ (CMAS) အကဲဖြတ်စစ်ဆေးမှုများကို ကိုလိုရာဒိုပြည်နယ် ပညာရေးစံနှုန်းများနှင့်အညီ ရေးဆွဲထားပြီး နှိုင်းချိန်စွာတွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းကဲ့သို့ ခက်ခဲနက်နဲသော စွမ်းရည်များနှင့် တိုင်းတာပါသည်။ CMAS စာမေးပွဲဖြေဆိုသော ကျောင်းသူ/သားတစ်ဦးစီအတွက် ရမှတ်မှတ်တမ်းကို ဖန်တီးထားပါသည်။ ဤမှတ်တမ်းများတွင် မိဘများအား ၎င်းတို့၏ သားသမီးများ ကိုလိုရာဒိုပြည်နယ် ပညာရေးစံနှုန်းများ၏ မျှော်မှန်းချက်များနှင့် မည်မျှပြည့်မီသည်နှင့် အထက်တန်းအောင်မြင်မှုပြီးနောက် အသက်မွေးဝမ်းကျောင်း သို့မဟုတ် ကောလိပ်တက်ရောက်ရန်အတွက် လမ်းကြောင်းမှန်တွင် ရှိမရှိ ပိုမိုသိရှိနားလည်စေရန် ကူညီပေးနိုင်မည့် အချက်အလက်များ ပါဝင်သည်။

## မှတ်ထားရမည့် အရာများ

- CMAS စာမေးပွဲများကို ကျောင်းသူ/သားများအား ကောလိပ်၊ သက်မွေးလုပ်ငန်းနှင့် ဘဝအတွက် ကူညီပြင်ဆင်ပေးရန် လမ်းပြမြေပုံများနှင့်တူသော ကိုလိုရာဒိုပြည်နယ် ပညာရေးစံနှုန်းများ နှင့်အညီ ရေးဆွဲထားပါသည်။ 2018 ခုနှစ် နွေဦးရာသီတွင် ပြည်နယ် ပညာရေးစံနှုန်းများကို ပြည်နယ်ဥပဒေအရ မွမ်းမံရန်လိုအပ်သဖြင့် မွမ်းမံခဲ့ပါသည်။ မွမ်းမံပြင်ဆင်ထားသော ကိုလိုရာဒိုပြည်နယ် ပညာရေးစံနှုန်း များသည် 2020-21 ပညာသင်နှစ်မတိုင်မီ အသက်မဝင်ပါ။ ထို့ပြင် ထိုအချိန်တွင် ပြည်နယ်စာမေးပွဲများကို မွမ်းမံထားသောစံနှုန်းနှင့်အညီ ရေးဆွဲသွားမည်ဖြစ်သည်။ ကျောင်းခရိုင်များ၊ ဆရာ/မများနှင့် ကျောင်းသူ/သားများတွင် စံနှုန်းသစ်နှင့် ပြည်နယ်စာမေးပွဲများသို့ ကူးပြောင်းရန်အတွက် နောက်ထပ်တစ်နှစ် ရှိသည်။
- CMAS စာမေးပွဲများအား နှစ်ကုန်ပိုင်းတွင် ပြုလုပ်ပေးပြီး ၎င်းတို့ မှာ သင့်ကျောင်းသား၏ တိုးတက်မှုအခြေအနေကို အပြည့်အဝ ပေးရန် အစီရင်ခံစာကတ်ပြား၊ စာသင်ခန်းတွင်း စွမ်းဆောင်ရည်နှင့် ဆရာများ၏ တုန့်ပြန်မှုတို့နှင့်အတူ အသုံးပြုနိုင်သော **အညွှန်းကိန်းတစ်ခုသာ** ဖြစ်ပါသည်။
- ယင်းစစ်ဆေးမှုများမှ ယနေ့ခေတ် ကျောင်းသားများ အမှန်တ ကယ်လိုအပ်သော ဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ရှုပ်ထွေးသော ပြဿနာများ ဖြေရှင်းနိုင်စွမ်းကဲ့သို့ စွမ်းရည်များကို တိုင်းတာ စစ်ဆေးပေးပါသည်။
- ကျောင်းသူ/သားများမှာ အတန်းအဆင့်မျှော်မှန်းချက်များနှင့် ပြည့်မီခြင်းရှိမရှိ အစောပိုင်းအတန်းများတွင် သိရှိခြင်းသည် မိဘနှင့် ဆရာများအား အထက်တန်းကျောင်းပြီး ဆုံးပြီးနောက် ကောလိပ်နှင့် အလုပ်အကိုင်များအတွက် ကျောင်းသားများကို ပိုမိုပြင်ဆင်ပေးရန် အချိန်ရရှိစေသည်။

## ကျွန်ုပ်အနေဖြင့် ကျွန်ုပ်ကလေးအား မည်သို့ အထောက် အကူပြုနိုင်ပါသနည်း။

- ကလေးသည် အတန်းအဆင့် မျှော်မှန်းချက်များနှင့် ပြည့်မီနေ သည် သို့မဟုတ် ကျော်လွန်နေပြီး သင့်ကလေး၏ပညာရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးရန် မဟာဗျူဟာများကို ရှာဖွေဖော်ထုတ်ရန်အတွက် သင့်ကလေး၏ ဆရာနှင့် ပူးပေါင်း လုပ်ဆောင်ပါ။ အလားတူပင် သင့်ကျောင်းသား၏ဆရာမှ သင့်ကျောင်းသား လိုအပ်သော စွမ်းဆောင်ရည်အား တိုးတက်လာစေရန် ရင်းမြစ်များကို ရှာဖွေဖော်ထုတ်ရာတွင် ကူညီပေးနိုင်ပါသည်။ ကျောင်းသားများအား ၎င်းတို့၏စွမ်းရည်များ လေ့ကျင့်ရာတွင် ကူညီပေးရန် တစ်ဦးချင်း သင်ကြားပို့ချခြင်း ၊ ကျောင်းချိန် ပြင်ပအစီအစဉ်များ သို့မဟုတ် အိမ်တွင်း လှုပ်ရှားမှုများ ရရှိနိုင်ပါသည်။
- **စာမေးပွဲရမှတ်များမှာ တိုးတက်မှု ပြယုဂ်တစ်ခုသာ** ဖြစ်ကြောင်း သင့်ကလေးအား သေချာပြောပြထားပါ။
- အိမ်တွင် မည်သည့်အရည်အသွေးကို ပိုမိုတိုးတက်စေအောင် ပြုလုပ်ပေးမည်ကို ဆုံးဖြတ်ပါ။ သင့်ကလေး ရမှတ်မှတ်တမ်းပေါ်ရှိ သက်ဆိုင်ရာ အရည်အသွေး စစ်ဆေးမှုများအား အသေးစိတ် ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းများသည် တိုးတက်မှုလိုအပ်သည့်နယ်ပယ်များကို ဖော်ထုတ်ခြင်းအတွက် အလွန်ကောင်းသည့် အစမှတ် ဖြစ်ပါသည်။
- ရမှတ်မှတ်တမ်းများ နားလည်စေရန်အတွက် မိဘလမ်းညွှန်ချက် အပါအဝင် ကိုလိုရာဒိုပြည်နယ် ပညာရေး စံနှုန်းများ၊ ကိုက်ညီထားသော အကဲဖြတ်စစ်ဆေးမှုများနှင့် အမေးများသော မေးခွန်းများနှင့်ပတ်သက်၍ အချက်အလက်များ ပိုမိုရရှိလိုပါက www.cde.state.co.us/communications/resourcesforparents တွင် ဝင်ရောက်ကြည့်ရှုပါ။

## ကျွန်ုပ်အနေဖြင့် မည်သည့်နေရာမှ နောက်ထပ်အချက်လက်များ ရရှိနိုင်ပါသနည်း။

ကိုလိုရာဒိုပြည်နယ်ရှိ ကျောင်းသားများအားလုံး ကောလိပ် နှင့် အသက်မွေးဝမ်းကျောင်း အောင်မြင်မှုရရှိရန်အတွက် ပြင်ဆင်ပေးခြင်းရှိမရှိ သေချာဆောင်ရွက်ရန် ကိုလိုရာဒိုပြည်နယ်၏ တင်းကျပ်သောပညာရေးစံနှုန်းများကို ဖန်တီးထားပါသည်။ ကိုလိုရာဒိုပြည်နယ်၏ အကဲဖြတ်စစ်ဆေးမှုများကို ပြည်နယ် စံနှုန်းများနှင့်အညီ ရေးဆွဲထားသဖြင့် ကျောင်းသားများ အချိန်နှင့်အမျှ မည်သို့လုပ်ဆောင်နေသည်နှင့် တိုးတက်နေ သည်ကို ဆရာ/မများနှင့် မိဘများ သိရှိစေရန်နှင့် ခရိုင်နှင့် ပြည်နယ်အနှံ့ရှိ သက်တူရွယ်တူများနှင့် မည်သို့နှိုင်းယှဉ်ရမည် ကို ကူညီပေးသည်။

ပိုမိုသိရှိလိုသည်များရှိပါက www.cde.state.co.us/communications/resourcesforparents သို့ ဝင်ရောက်ကြည့်ရှုပါ။